ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ဝန်ကြီးရုံး

အမိန့်ကြော်ငြာစာအမှတ်၊ ၅၆/ ၂၀၁၆
၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်
( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ- ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**နိုင်ငံခြားသား ဖက်စပ်ကုမ္ပဏီများအား ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ကုန်သွယ်ခွင့်ပြုခြင်း**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သွယ်မှုနှင့်ပတ်သက်သည့် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းများအရ လည်းကောင်း၊ လက်ရှိပြောင်းလဲလာသော စီးပွားရေးအခြေအနေများအရ နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံလိုသူများ၊ စီးပွားရေးလုပ်ငန်း လာရောက်လုပ်ကိုင်လိုသူများ များပြားလာမှုအရ လည်းကောင်း၊ ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများ အရည်အသွေးပိုမိုကောင်းမွန်သော ဆောက်လုပ်ရေးပစ္စည်းများအသုံးပြုနိုင်ရန် ရည်ရွယ်၍ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားသား ဖက်စပ်ကုမ္ပဏီများကို ကုန်သွယ်ခွင့်ပြုလိုက်သည်။

၂။ နိုင်ငံခြားသားဖက်စပ်ကုမ္ပဏီများအနေဖြင့် ဆောက်လုပ်ရေးပစ္စည်းများကို ကုန်သွယ်မှုပြုရာတွင် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည် -

(က) ဖက်စပ်ကုမ္ပဏီသည် ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိသည့် ကုမ္ပဏီဖြစ်ရမည်။

(ခ) ကုမ္ပဏီမှတ်ပုံတင်စဉ် ခွင့်ပြုပေးသည့် ဖက်စပ်ကုမ္ပဏီများ၏ Equity အချိုးအရ ခွင့်ပြုမည်။

(ဂ) ဖက်စပ်လုပ်ငန်း ဆောင်ရွက်သည့် နိုင်ငံခြားသားကုမ္ပဏီများ အနေဖြင့် ၎င်းတို့ တရားဝင်ယူဆောင်လာသည့်နိုင်ငံခြားငွေပမာဏအတိုင်းသာ ကုန်သွယ်မှုပြုလုပ်ရမည်။

(ဃ) ဖက်စပ်ကုမ္ပဏီအားဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကိုလက်လီ/လက်ကား ရောင်းချခွင့်ပြုသည်။

(င) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် လာရောက်လျှောက်ထားပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသည့် Form 6/26 တို့နှင့်အတူ Bank Statement တို့အား တင်ပြရမည်။

(စ) တင်သွင်းလာသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများသည် သက်ဆိုင်ရာ ဌာနများမှ ထုတ်ပြန်ထားသော စံချိန်/ စံညွှန်းနှင့်အညီ ဖြစ်ရမည်။

၃။ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအား ယခုခွင့်ပြုထားသည့် ကုန်ပစ္စည်းများကို ကုန်သွယ်မှု လုပ်ငန်းဆောင်ရွက်ရာတွင် လက်ရှိ ပြည်တွင်းကုမ္ပဏီများကို သတ်မှတ်ခွင့်ပြုထားသည့် လုပ်ထုံးလုပ်နည်းများအတိုင်း ခွင့်ပြုဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၄။ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအား ကုန်သွယ်ခွင့်ပြုသည့် ကုန်ပစ္စည်းများ စာရင်းကို ပြည်တွင်းလိုအပ်ချက်၊ ဈေးကွက်အနေအထား၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏ အခြေအနေ အစရှိသည်တို့အပေါ် မူတည်၍ လိုအပ်သလို ပြောင်းလဲပြင်ဆင်သွားမည် ဖြစ်ပါသည်။

(ပုံ)
ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ်၊ စက - ၂၆ / ၅ / ၂၀၁၆ (၂၃၇၈)
ရက် စွဲ ၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၇ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအားလုံး
အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

| | | |
|---|---|---|
| ညွှန်ကြားရေးမှူးချုပ် | } | မြန်မာနိုင်ငံပြန်တမ်းတွင် |
| ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | } | ထည့်သွင်းကြေညာပေးပါရန် |

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ
အသင်းချုပ် (ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

တိုးအောင်မြင့်
အမြဲတမ်းအတွင်းဝန်